## ခမ္မခန္ဓာ (၁၀၉) ဖုံးကွယ်သူများ (အလ်–ကာဖိရူးန်)

ဥဂ္ဂဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၈)၊ သုတ်ဒေသနာ (၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **قُلْ يَا أَيُّهَا الْكَافِرُونَ۞**<br>ဟောလော့ "အို ဖုံးကွယ်မှောင်ချသူတို့– |
| ၂။ | **لَا أَعْبُدُ مَا تَعْبُدُونَ۞**<br>သင်တို့ ကိုးကွယ်ရာကို ကျွန်ုပ် မကိုးကွယ်ချေ။ |
| ၃။ | **وَلَا أَنتُمْ عَابِدُونَ مَا أَعْبُدُ۞**<br>သင်တို့သည်လည်း ကျွန်ုပ်ကိုးကွယ်ရာကို မကိုးကွယ်ကြချေ။ |
| ၄။ | **وَلَا أَنَا عَابِدٌ مَّا عَبَدتُّمْ۞**<br>ထို့အပြင် ကျွန်ုပ်သည် သင်တို့ကိုးကွယ်ရာကို ကိုးကွယ်မည့်သူများ မဟုတ်ချေ။ |
| ၅။ | **وَلَا أَنتُمْ عَابِدُونَ مَا أَعْبُدُ۞**<br>သင်တို့သည်လည်း ကျွန်ုပ်ကိုးကွယ်ရာကို ကိုးကွယ်မည့်သူများ မဟုတ်ကြချေ။ |
| ၆။ | **لَكُمْ دِينُكُمْ وَلِيَ دِينِ۞**<br>သင်တို့၏ သာသနာသည် သင်တို့အတွက်၊ ကျွန်ုပ်၏ သာသနာသည် ကျွန်ုပ်အတွက် ဖြစ်၏။"[၁၂၁၁] |

---

(၁၂၁၁) ဤခမ္မခန္ဓာသည် ဘာသာရေး လွတ်လပ်ခွင့် အပြည့်အဝ ပေးသော ဥပဒေပင် ဖြစ်ပေသည်။ အစ္စလာမ် သာသနာသည် ဓါးမိုး၍ သာသနာပြုသည်ဟူသော စွပ်စွဲချက်မှာ ကျမ်းမြတ်ကုရ်အာန်အား ပြည့်စုံစွာ မလေ့ဘဲလျက် ပုတ်ခတ်စော်ကားနေခြင်း မျှသာ ဖြစ်ပေသည်။ ထို့ပြင် ဤသုတ်တော်သည် မိရိုးဖလာ ဆရာတော်ကြီးများ ဖွင့်ဆို သကဲ့သို့ **သင်တို့သည် သင်တို့၏ သာသနာနှင့် နေလော့၊ ကျွန်ုပ်သည်လည်း ကျွန်ုပ်၏ သာသနာနှင့် နေမည်**ဟု– အမှန်တရားအား မသိသေးသူများကို ပစ်ပါယ်ထားခြင်း အဓိပ္ပါယ်လည်း မသက်ရောက်ပေ။ အာရဗီဝေါဟာရ **ဒီးန်** ဆိုသည့် စကားလုံးမှာ သာသနာ၊ လမ်းစဉ်၊ ထိုလမ်းစဉ်၏ တန်ပြန်အကျိုးသက်ရောက်မှုများကို ဆိုလိုပေသည်။ သင်တို့သည် အမှားကို ကိုးကွယ်နေလျှင် သင့်တို့အား အကျိုးဆက် ကောင်းမည် မဟုတ်ဟူသည့် ကရုဏာဖြင့် ဖိတ်ခေါ်နေခြင်း ရှိပေသည်။ အစ္စလာမ် သာသနာတွင် စေတနာ၊ မေတ္တာဖြင့် သူတစ်ပါးအား လမ်းမှန်သို့ ညွှန်ပြခွင့်သာ ရှိသည်၊ မိမိသိသော အမှန်တရားအား ဖလှယ်ဝေငှခွင့်သာ ရှိသည်– အတင်းအဓမ္မ ဖြစ်စေ၊ မလိမ့်တစ်ပါတ်နှင့် ဖြစ်စေ သာသနာပြုခွင့် မရှိပေ။ ကိုယ်တော် မုဟမ္မဒ်သည် အစဉ်မပြတ် ကရုဏာထားလျက် လူသားအပေါင်းအား အမှန်တရား သစ္စာဓမ္မဆီသို့ ဖိတ်ခေါ်နေခဲ့သည်မှာ သက်သေပင် ဖြစ်ပေသည်။ မည်သူ့ကိုမျှ ပစ်ပါယ်ထားခြင်း မရှိချေ။